# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

Myanmar Mandalay Co., Ltd မှ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊
ချမ်းအေးသာစံမြို့နယ်တွင် RC (၄) ထပ်တိုက် အဆောက်အဦ (၈) လုံးတည်ဆောက်၍
ငှားရမ်းခြင်းလုပ်ငန်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ(IEE)၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate-ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ် ဖွန်လ ၂၆ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်**

**(Environmental Compliance Certificate - ECC)**

သက်သေခံလက်မှတ်အမှတ်။ ECC( ၁၉၈ ) ရက်စွဲ ။ ၂၀၂၃ ခုနှစ် ဖွန်လ ၂၆ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးသန်းဝင်း<br>မန်နေးဂျင်းဒါရိုက်တာ<br>Myanmar Mandalay Co., Ltd |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂၂၂)၊ (၈၃)လမ်း၊ (၂၇)လမ်းနှင့် (၂၈)လမ်းကြား |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | RC (၄)ထပ်တိုက် အဆောက်အဦ (၈)လုံး တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | (၀.၇၃၄၆)ဧက၊ RC (၄)ထပ်တိုက် အဆောက်အဦ (၈)လုံး |
| (စ) | **စီမံကိန်းတည်နေရာ** | - | မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၇၉)လမ်းအရှေ့ခြမ်း၊ (၂၆)လမ်းနှင့် (၂၈)လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ မန္တလေးဘူတာကြီးဝင်း |
| (ဆ) | **ECC သက်တမ်း** | - | (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၂၃-၃-၂၀၁၈<br>သက်တမ်းကုန်ဆုံးရက် - ၂၂-၃-၂၀၂၃ |

(ဈ) **အတည်ပြုအစီရင်ခံစာ** - ရန်ကုန်မြို့၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့၏ ၃၀-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၀၀၁/MIC(OSS)/ ၀၆(၁၀၂/၂၀၁၇)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများ နှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၂၆.၆.၂၀၁၈

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**Myanmar Mandalay Co., Ltd ၏ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် RC (၄)ထပ်တိုက် အဆောက်အဦ (၈)လုံး တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Myanmar Mandalay Co., Ltd မှ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၇၉)လမ်း၊ ပါဆယ်(၂)ဝင်း မြေလွတ်ရှိ မြေနေရာတွင် B.O.T စနစ်ဖြင့် ငှားရမ်းပြီး ခေတ်မီ ရုံးခန်းနှင့် စျေးဆိုင်ခန်းများပါဝင်သည့် RC (၄)ထပ်တိုက် အဆောက်အဦ (၈)လုံး တည်ဆောက်၍ ငှားရမ်းခြင်း လုပ်ငန်းအတွက် ရန်ကုန်မြို့၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့၏ ၃၀-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၀၀၁/ MIC(OSS)/ ၀၆(၁၀၂/၂၀၁၇) ဖြင့် တင်ပြခဲ့သည့် အပြီးသတ်ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေး ခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးသန်းဝင်း၊ မန်နေးဂျင်းဒါရိုက်တာ၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံ မြို့နယ်၊ အမှတ်(၂၂၂)၊ (၈၃)လမ်း၊ (၂၇)လမ်းနှင့် (၂၈)လမ်းကြား၊ Myanmar Mandalay Co., Ltd ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မန္တလေးမြို့၊ ချမ်းအေးသာစံ မြို့နယ်၊ (၇၉)လမ်း အရှေ့ခြမ်း၊ (၂၆)လမ်းနှင့် (၂၈)လမ်းကြား၊ သမိုင်းဝင် မန္တလေးကျုံး၊ မြို့ရိုး၊ နန်းတော်တို့နှင့် နှစ်ဖာလုံကွာဝေးပြီး မန္တလေးဘူတာကြီးဝင်းမြေနေရာတွင် ကျရောက်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အား စောင့်ဆိုင်းနေပြီး ဆောက်လုပ်ရေးလုပ်ငန်း များစတင်ဆောင်ရွက်ခြင်း မရှိသေးပါကြောင်း၊ နိုင်ငံတကာအဆင့်မီဆိုင်ခန်းများ၊ စီးပွားရေးလုပ်ငန်း ဌာနများ၊ ကုမ္ပဏီရုံးခန်းများပါဝင်သော အဆောက်အဦဆောက်လုပ်မည်ဖြစ်ပါကြောင်း၊ စီမံကိန်း အတွက် လျှပ်စစ်ဓာတ်အားကို ပင်မဓာတ်အားလိုင်းမှ ရယူမည်ဖြစ်ပြီး အရေးပေါ်မီးစက်များလည်း ထားရှိမည်ဖြစ်ပါကြောင်း၊ ရေနှင့်သန့်ရှင်းရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းမှ လိုအပ်သော လျှပ်စစ်ဓာတ်အား အသုံးပြုမှု အတွက် National Grid, 640 KVA transformer, Back-up Generator တစ်နှစ်လျှင် 100,000 kWh၊

တစ်နှစ်လျှင် လောင်စာဆီအသုံးပြုမှု ဒီဇယ် (၁၀၀၀၀) ဂါလံ၊ တစ်နှစ်လျှင် အင်ဂျင်ဝိုင်အသုံးပြုမှု (၁၀၀) ဂါလံနှင့် တစ်နှစ်လျှင်ရေအသုံးပြုမှု (၃,၀၀၀,၀၀၀) ဂါလံ အသုံးပြုမည်ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၇၉)လမ်းအရှေ့ခြမ်း၊ (၂၆)လမ်းနှင့် (၂၈)လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ မန္တလေးဘူတာကြီးဝင်း အတွင်း မြေဧရိယာ (၀.၇၃၄၆) ဧက၊ မြေပုံအမှတ် မြောက်လတ္တီကျု ၂၁° ၅၈' ၅၃.၈၂"၊ အရှေ့လောင်ဂျီကျု ၉၆° ၀၅' ၀၈.၆၄" တွင် တည်ရှိပါသည်။

Myanmar Mandalay Co., Ltd ၏ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် RC (၄)ထပ်တိုက် အဆောက်အဦ (၈)လုံး တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ





- Shophouse Site
- Nann Twin
- 79th Street
- Ayeyarwaddy River

**Myanmar Mandalay Co., Ltd ၏ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် RC (၄)ထပ်တိုက် အဆောက်အဦ (၈)လုံး တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်း၏ Construction Plan**



**Myanmar Mandalay Co., Ltd ၏ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် RC (၄)ထပ်တိုက် အဆောက်အဦ (၈)လုံး တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်း၏ Construction Plan**



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ရန်ကုန်မြို့၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့၏ ၃၀-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ဝ၀၁/ MIC(OSS)/ ဝ၆(၁၀၂/၂၀၁၇) ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၇၉)လမ်း အရှေ့ခြမ်း၊ (၂၆)လမ်းနှင့် (၂၈)လမ်းကြား၊ သမိုင်းဝင်မန္တလေးကျုံး၊ မြို့ရိုး၊ နန်းတော်တို့နှင့် နှစ်ဖာလုံကွာဝေးပြီး မန္တလေးဘူတာကြီးဝင်းမြေနေရာတွင် ကျရောက်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အား စောင့်ဆိုင်းနေပြီး ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း မရှိသေးပါကြောင်း၊ နိုင်ငံတကာအဆင့်မီဆိုင်ခန်းများ၊ စီးပွားရေးလုပ်ငန်းဌာနများ၊ ကုမ္ပဏီရုံးခန်းများ ပါဝင်သော အဆောက်အဦ ဆောက်လုပ်မည် ဖြစ်ပါကြောင်း၊ စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားကို ပင်မဓာတ်အားလိုင်းမှ ရယူမည်ဖြစ်ပြီး အရေးပေါ်မီးစက်များလည်း ထားရှိမည်ဖြစ်ပါကြောင်း ရေနှင့်သန့်ရှင်းရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းတည်ဆောက်စဉ်နှင့် လည်ပတ်နေစဉ်အတွင်း ဖုန်မှုန့်များ၊ အခိုးအငွေ့များထွက်ရှိနိုင်မှုကြောင့် လေထုညစ်ညမ်းမှု တားဆီးရန်အတွက် ဖုန်မှုန့်ထိန်းချုပ်မှု အစီအမံများကိုဆောင်ရွက်ရန်၊

(၂) စီမံကိန်းတွင်အသုံးပြုမည့် စက်ပစ္စည်းနှင့် ယာဉ်ယန္တရားများကို ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်သွားရန်နှင့် အဆင့်မြင့်စက်ပစ္စည်းများအား အသုံးပြုသွားရန်၊

(၃) လေထုညစ်ညမ်းမှုကို လျှော့ချရန် တည်ဆောက်ရေးကာလ၊ လုပ်ငန်းလည်ပတ်နေစဉ်ကာလနှင့် လုပ်ငန်းပိတ်သိမ်းစဉ်ကာလတို့တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်စသော ဓာတ်ငွေ့များထွက်ရှိမှု နည်းပါးစေသည့် ခေတ်မီစက်ကိရိယာများကို တပ်ဆင်အသုံးပြုရန်၊

(၄) မြေယာရှုခင်းနှင့် အရိပ်ရအပင်များကို စိုက်ပျိုးသွားရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဖိုချောင်နှင့် ရေအိမ်အသုံးပြုမှုကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်မှုကို လျှော့ချရန်အတွက် စွန့်ပစ်ရေဆိုးမြောင်းများကို ခွဲခြားအသုံးပြုပြီး Wastewater Treatment Plant ထားရှိရန်၊

(၂) ရေမီတာနှင့် Water-saving ကိရိယာများအား တပ်ဆင်အသုံးပြုသွားရန်၊

(၃) စက်သုံးဆီနှင့်ချောဆီများအား ကိုင်တွယ်အသုံးပြုရာတွင် ယိုဖိတ်မှုမရှိစေရေး ဂရုတစိုက်အသုံးပြုသွားရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ပစ္စည်းများအား စနစ်တကျရွေးချယ်အသုံးပြုသွားရန်နှင့် ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်သွားရန်၊

(၂) ထရပ်ကားနှင့် စက်ပစ္စည်းများ၏ ဆူညံသံများကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် စီမံခန့်ခွဲရန်၊

(၃) အသံဆူညံသည့် လုပ်ငန်းများလုပ်ကိုင်ရာတွင် လုပ်သားများအား အသံဆူညံမှုဒဏ်ခံနိုင်သည့် သင့်လျော်သော PPE များ ဝတ်ဆင်စေရန်၊

(၄) အသံဆူညံမှုများကို လျှော့ချရန် လုပ်ငန်းလည်ပတ်နေစဉ် ကာလအတွင်း ခေတ်မီစက်ကိရိယာများကို တပ်ဆင်အသုံးပြုရန်၊

(၅) ဆူညံသံနိမ့်/တုန်ခါမှုနည်းသော စက်ကိရိယာများကို ရွေးချယ်အသုံးပြုရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်အမှိုက်များအား စွန့်ပစ်ရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်၊

(၂) MCDC ၏ လမ်းညွှန်ချက်နှင့်အညီ အမှိုက်များကို အမှိုက်ပုံများတွင် သီးခြားစီ စုပုံ၍ စနစ်တကျစွန့်ပစ်ရန်၊

(၃) ပလတ်စတစ်သုံးစွဲမှုအား လျှော့ချ၍ ပြန်လည်သုံးစွဲ၍ရသော ပစ္စည်းများအား အသုံးပြုသွားရန်၊

(၄) စီမံကိန်းတွင် Waste Water Treatment Plant အား တပ်ဆင်အသုံးပြုသွားရန်။

(ဆ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) နေ့စဉ် Public နှင့် Private နေရာများတွင် သန့်ရှင်းရေးများ ပြုလုပ်သွားရန်၊

(၂) လုပ်သားများအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်လာပါက PPE ဝတ်စုံများ ထောက်ပံ့ပေးသွားရန်၊

(၃) စီမံကိန်းဆောင်ရွက်နေစဉ်ကာလအတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိနိုင်မှုများကို လျှော့ချစေနိုင်မည့် Personal Protective Equipment များကို အသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ဝန်ထမ်းအားလုံးကို ရှေးဦးသူနာပြုစုရေး နည်းလမ်းများအား သင်တန်းပေးထားရန်။

(ဇ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအနေဖြင့် မီးဘေးအချက်ပေးစနစ်၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ရေကန်၊ ရေစုပ်စက်တို့အား ပြည့်စုံလုံလောက်အောင်ထားရှိသွားရန်၊

(၂) မီးငြိမ်းသတ်ရေးနှင့်ပတ်သက်၍ သင်တန်းပေးခြင်းများကို ဆောင်ရွက်သွားရန်၊

(၃) အရေးပေါ်ထွက်ပေါက်များ၊ လမ်းကြောင်းနှင့် စုရပ်တို့ကို လုံလောက်သောအကျယ်အဝန်းဖြင့် ထားရှိသွားရန်၊

(၄) လောင်စာဆီနှင့် ချောဆီများ ယိုစိတ်မှုနှင့်ပတ်သက်၍ ယာဉ်ပြင်ဆင်ရေးအဆောက်အဦ၊ စက်သုံးဆီနှင့်ချောဆီသိုလှောင်ရုံတို့အား ထားရှိသွားရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးတိုင်းတာရာတွင် စီမံကိန်းဧရိယာအတွင်း တစ်နေရာတွင်

$PM_{2.5}$, $PM_{10}$, CO, $CO_2$, $NO_2$, $SO_2$ စသည့် Parameter များအား နှစ်စဉ် တိုင်းတာသွားရန်၊

(၂) ရေအရည်အသွေးတိုင်းတာရာတွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ပါဝင်သည့် ပါရာမီတာ များကို တစ်နှစ်လျှင် နှစ်ကြိမ် တိုင်းတာပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များဖြင့် နှိုင်းယှဉ်သွားရန်၊

(၃) ဆူညံသံအား တစ်နှစ်လျှင် နှစ်ကြိမ် တိုင်းတာသွားရန်၊

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ နှစ်စဉ် ကာကွယ်ရေး ဝတ်စုံများနှင့် လိုအပ်သော ဝတ်စုံများကို ထောက်ပံ့သွားရန်။

(ည) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဌ) **လျာထားအသုံးစရိတ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအမံများအတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်နှင့်ပတ်သက်၍ တည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်ရေး ကာလများအတွက် ခန့်မှန်းအသုံးစရိတ်အဖြစ် ကျပ် ၁၂,၀၀၀,၀၀၀ အသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရမည်။

## ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊

မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကိုဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်စေဘဲ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး အတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်း

နှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက်အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) ရေခဲသေတ္တာများ၊ Freezer များနှင့် လေအေးပေးစက်များ၌ အသုံးပြုသည့် Gas များတွင် အိုဇုန်းလွှာကို ထိခိုက်စေနိုင်သည့် CFCs, HCFCs ဓာတ်ငွေ့အစားထိုး အိုဇုန်းလွှာကို ထိခိုက်မှုလျော့နည်းစေသော HFCs ဓာတ်ငွေ့များ (ဥပမာ- R-124a, R-152a, R-22 etc.) သုံးသည့် စက်ပစ္စည်းများကို ရွေးချယ်တပ်ဆင်အသုံးပြုရန်၊

(၇) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လေဟာပြင် မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ် ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာမှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ် လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ်တည်ဆောက်ခြင်းအားဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၆.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) ဟိုတယ်နှင့်ခရီးသွားလာမှုကဏ္ဍနှင့် အခြားသက်ဆိုင်ရာ စံချိန်စံညွှန်းများ၊ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဟိုတယ်လုပ်ငန်းဆောင်ရွက်မှုကြောင့်ယာဉ်သွားလာမှုအပေါ် အနှောင့်အယှက်မဖြစ်စေရေးနှင့် မတော်တဆထိခိုက်မှုများ မဖြစ်ပေါ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အစီအမံများထားရှိဆောင်ရွက်ရန်။

(ဃ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့်ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(င) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးစီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေးပေးချေခြင်း၊ သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်

ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှုသို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ စောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက

စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) **စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-**

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(ဓဓ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ် လုပ်ငန်းအစီအစဉ်များကို ကနဦး တင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်း စောင့်ရှောက်ရန်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီ

အစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ

လက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများ အားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင် ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့်အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့်

စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့် အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့်သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်း လုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယို

ရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျီတယ် စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့် မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဋ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်

ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့်စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သဘာဝအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

--------------------------------------------------------------------------------